သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံရှိ WFP ၏ သိုလှောင်ရုံအား ဖောက်ထွင်းလုယက်ခြင်းနှင့် မီးရှို့ခြင်းအပေါ် ရှုတ်ချခြင်း

၂၀၂၄ ခုနှစ် ဇွန်လ ၂၅ ရက်။

ရန်ကုန်မြို့ - *ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) အနေဖြင့် လွန်ခဲ့သည့် စနေနေ့က ဖြစ်ပွားခဲ့သော မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ မောင်တောမြို့ရှိ WFP ၏ သိုလှောင်ရုံအား ဖောက်ထွင်းလုယက်ခြင်းနှင့် မီးရှို့ခြင်းလုပ်ရပ်များကို ပြင်းထန်စွာ ရှုတ်ချသည်။*

WFP သည် မြန်မာနိုင်ငံအနှံ့အပြားရှိ ပဋိပက္ခဒဏ်ခံစားနေရသူများအား အရေးပေါ်အသက်ကယ်ဆယ်ရေး စားနပ်ရိက္ခာများ ကူညီထောက်ပံ့ပေးလျက်ရှိရာ ယခုနှစ်တွင် လူဦးရေ ၁ သန်းနီးပါးခန့်အား ကူညီထောက်ပံ့ခဲ့ပြီးဖြစ်ပါသည်။ မောင်တောမြို့ရှိ စားနပ်ရိက္ခာနှင့် အခြားကုန်ပစ္စည်းများကို လုယူခြင်းနှင့် လူသားချင်းစာနာမှုဆိုင်ရာ အဆောက်အဦများကို ဖျက်ဆီးခြင်းသည် WFP ၏ ကူညီထောက်ပံ့ရေး ကြိုးပမ်းမှုများကို ထိခိုက်ပျက်ယွင်းစေသည်။ ထိုလုပ်ရပ်များကို ချက်ချင်းရပ်တန့်ရမည်ဖြစ်သည်။

ပဋိပက္ခတွင် ပါဝင်ပတ်သက်နေသူအဖွဲ့များအားလုံးအနေဖြင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှုဆိုင်ရာဥပဒေပါ တာဝန်ဝတ္တရားများကို လိုက်နာကြရန် WFP က တောင်းဆိုလိုက်သည်။

သူများထံ အရေးပေါ်ကယ်ဆယ်ရေးအကူအညီများကို ဘေးကင်းလုံခြုံစွာ အတားအဆီးမရှိ သွားရောက်ပေးအပ်ခွင့်ရနိုင်စေရန် လုပ်ဆောင်ရမည်ဖြစ်သည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် တိုးမြင့်လာသည့် ပဋိပက္ခများကြောင့် WFP ဝန်ထမ်းများသည် မေလနှောင်းပိုင်းမှစ၍ မောင်တောသိုလှောင်ရုံထံသို့ သွားရောက်နိုင်ခြင်း မရှိပါ။ သိုလှောင်ရုံတွင် လူဦးရေ ၆၄,၀၀၀ အတွက် တစ်လစာဖူလုံစေမည့် အရေးပေါ်ကယ်ဆယ်ရေးရိက္ခာများ စုစုပေါင်း ၁,၁၇၅ မက်ထရစ်တန်ကို သိုလှောင်ထားခဲ့သည်။ အဆိုပါအဖြစ်အပျက်နှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို WFP က ဆက်လက်စုဆောင်းလျက်ရှိ ပါသည်။

Elise Gibergues-Newton

WFP
Communications Officer

elise.giberguesnewton@wfp.org

ဤလုပ်ငန်းတွင်အဓိကပါဝင်နေသည့် ကုလသမဂ္ဂရုံးများ

WFP

လုပ်ငန်းရပ်များဖြင့်ပံ့ပိုးပေးနေသော ပန်းတိုင်များ

ကုလသမဂ္ဂ မြန်မာ

မြန်မာနိုင်ငံ ကုလသမဂ္ဂအဖွဲ့၏ ဝက်ဘ်ဆိုက်မှ ကြိုဆိုပါသည်။

အမှတ် ၆၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်၊ မြန်မာ။
ဖုန်း +၉၅ ၁ ၅၄၂၉၁၁-၉
ဖက်စ် +၉၅ ၁ ၅၄၅၆၃၄၊ ၅၄၄၅၃၁

အောင်မြင်ရေးအတွက် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂမှ မည်သို့ ဆောင်ရွက်နေသည်ကို သိရှိရန်

ပတ်သက်၍ ကျွန်ုပ်တို့၏ ဆောင်ရွက်မှုများ

ပါဝင်လုပ်ဆောင်ရန် →

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ ဖော်ဆောင်ရေးတွင် ပါဝင်လုပ်ရှားကြစို့။

အဖြစ်အပျက်/ဘဝဇာတ်ကြောင်းများ →

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များနှင့် ပတ်သက်၍ ကျွန်ုပ်တို့၏ ဆောင်ရွက်နေမှုများကို ပိုမို သိရှိရန်

မီဒြိမ်းရန်အချက်အလက်များ →

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များနှင့် ပတ်သက်၍ ကျွန်ုပ်တို့၏ ဆောင်ရွက်နေမှုများကို ပိုမို သိရှိရန်

အလုပ်အကိုင်များ →

မြန်မာနိုင်ငံကုလသမဂ္ဂအဖွဲ့အတွင်းရှိ အလုပ်အကိုင် အခွင့်အလမ်းများကို လေ့လာရန်

© မူပိုင်ခွင့် 2024 မြန်မာနိုင်ငံ ကုလသမဂ္ဂ

ကုလသမဂ္ဂ

ဆက်သွယ်ရန်
မူပိုင်ခွင့်
လိမ်လည်မှုသတိပေးချက်
ကိုယ်ရေးလုံခြုံမှု သတိပေးချက်
ဝက်(ဘ်)ဆိုက်အညွှန်း
လိုက်နာရမည့် အချက်များ